တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း များ၏ ခေါင်းဆောင်များ အစည်းအဝေး၊ ထုတ်ပြန်ကြေညာချက်

*****************************************

၁။ NCA – S EAO Leaders' Meeting ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၈ - ၂၀ ရက်နေ့ထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် အောင်မြင်စွာ ကျင်းပပြီးစီး ခဲ့ပါသည်။ ယင်းအစည်းအဝေးသို့ NCA – S EAO အဖွဲ့အစည်း (၈) ဖွဲ့ခေါင်းဆောင်များ ကိုယ်စားလှယ်များ ၊ အကြံပေး ပုဂ္ဂိုလ်များ စုစုပေါင်း (၄၁) ဦး ပါဝင် တက်ရောက်ခဲ့ကြပါသည်။

၂။ ယခု NCA သည် လက်ရှိ ဖြစ်ပေါ်နေသော စစ်ရေး ပဋိပက္ခများ ရပ်တန့်ရေးနှင့် အရင်းခံ နိုင်ငံရေး ပြဿနာများ ဖြေရှင်းရေးကို ဦးတည်မည့် နိုင်ငံရေး ဆွေးနွေးပွဲများ ဖြစ်ထွန်းရေး အတွက် အစပျိုးမှု တခုအဖြစ် မှတ်ယူသည်။ သို့ဖြစ်၍ အခြေအနေ အရပ်ရပ်ကြောင့် NCA ကို လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသည့် ဘဝတူတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် Peace Process တွင် ပါဝင်နိုင်ရေးကိုလည်း နည်းလမ်းရှာ ကြိုးပမ်းသွားမည်ဖြစ်သည်။

၃။ ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြင့် ကျင်းပရန် ကြိုးပမ်းဆောင်ရွက်နေသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ (Union Peace Conference) (၂၁ ရာစုပင်လုံ) သည် မိမိတို့ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ နှင့် ပြည်သူလူထု တရပ်လုံး လိုလားသည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေ့ရှုနိုင်လိမ့်မည်ဟု ယုံကြည်သည့်အပေါ် မိမိတို့ အဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်သွားကြမည်ဖြစ်သည်။

၄။ လတ်တလော လုပ်ငန်းစဉ်အနေနှင့် ဇူလိုင်လ ၂၆ - ၂၉ ရက်နေ့များတွင် ကျယ်ကျယ်ပြန့်ပြန့် ခေါ်ယူ ကျင်းပမည့် မိုင်ဂျာယန်၊ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ၏ မျက်နှာစုံညီ အစည်းအဝေးတွင် မိမိတို့အဖွဲ့အစည်းများအနေဖြင့်လည်း ပါဝင်တက်ရောက် ကြမည်ဖြစ်သည်။ ထို့ပြင် မိမိတို့အနေဖြင့် အရင်းခံ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းနိုင်မည့် နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်၍ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေး သဘောတူညီချက်များ ရရှိသည်အထိ မဟာမိတ် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နိုင်ငံရေး အင်အားစုများ အစိုးရ၊ တပ်မတော်တို့နှင့်လည်းကောင်း ညှိနှိုင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ( ၂၀ ) ရက်နေ့

ဆက်သွယ်ရန်

(၁) ပဒို စောကွယ်ထူးဝင်း +95 94221 91941, +66 81 807 6279

(၂) ဗိုလ်မှူးကြီး ခွန်ဥက္ကာ +95 81 9502 158

KNU HQ